# "ပျော်ရွှင်ဖွယ်နှစ်သစ်ရရှိရန်မည်သို့လုပ်ဆောင်ကြမည်နည်း"



နှစ်သစ်ကူးချိန်တွင် "ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေ"ဟု လူတိုင်းပြောတတ်ကြသည်။ ထိုသို့နှုတ်ဆက်သည့်အခါတိုင်း ကျွန်ုပ်စိတ်ထဲမှနှစ်နှစ်ကာကာပြောခြင်းဖြစ်သလို၊ အခြားတစ်ဖက်က လိုလိုလားလားပြောလာခြင်းမျိုးကိုသာ ကျွန်ုပ်နှစ်သက်သည်။ ဤသို့ဆန္ဒပြုယုံမျှဖြင့်လည်း ကျွန်ုပ်စိတ်မကျေနပ်နိုင်သေးပေ။ အမှန်တကယ် ပျော်ရွှင်ချင်ပါက မိမိကိုယ်တိုင်ပျော်ရွှင်ခြင်းကို ဆွဲထုတ်တတ်ဖို့လိုအပ်သည်။ ထိုသို့ဖြစ်ရန် စိတ်နေသဘောထားဖြင့်အစပြုရမည်။ နှစ်သစ်ကိုအစပြုသည့်အခါ ရှေ့လာမည့်နေ့ရက်များကိုမျှော်ကိုးသကဲ့သို့ ကုန်လွန်ခဲ့သောတစ်နှစ်တာအတွင်း ဘုရားရှင်၏ကျေးဇူးတော်များကိုလည်း ပြန်လည်ရေတွက်ချီးမွမ်းခြင်းဖြင့်အစပြုသင့်ပါသည်။ ကုန်လွန်ခဲ့သောနှစ်သည် ကျွန်ုပ်အတွက်ဝမ်းနည်းဖွယ်၊ ပူဆွေးဖွယ်၊ မသေချာမရေရာမှုများဖြင့်ရောပြွမ်းနေသည့်တိုင် ဘုရားကိုကျေးဇူးတင်နေပါသည်။ မိသားစု၏ချစ်ခြင်းမေတ္တာ၊ ဘုရားပေးသော မြေးမလေး၊ မိတ်ဆွေကောင်းများ၊ လုပ်ဖော်ဆောင်ဖက်ကောင်းများအတွက်ဘုရားကိုကျေးဇူးတော်ချီးမွမ်းရသည်။ ဂရုပြုချစ်ခင်ရသော အခြားလူပေါင်းများစွာနှင့်တွေ့ဆုံသည့်အခါတိုင်း ဝိညာဉ်တော်ပြည့်ဝစွာဖြင့်ပေါင်းဖော်လုပ်ဆောင်ရသည့် အခိုက်အတန့်များအတွက်လည်း ကျေးဇူးတော်ချီးမွမ်းရပါသည်။

ဖြတ်သန်းခဲ့ရသော ၂၀၂၃ ခုနှစ်ကို ဝိညာဉ်မျက်စိဖြင့်ရှုမြင်သုံးသပ်ပါက သင်ဘာကိုတွေ့မြင်ရမည်နည်း။ လူများစွာတို့အတွက် ၂၀၂၃ သည်မျက်ရည်များ၊ စိတ်ပျက်ခြင်းများ၊ နာကျင်ဖွယ်အမှတ်တရများဖြင့်ပြည့်နှက်နေမည်ဖြစ်သည်။ ဤစိတ်ပျက်ခြင်းများထဲတွင် ကောင်းချီးမင်္ဂလာကို သင်တွေ့မြင်ရပါသလား။ ပျော်ရွှင်ခြင်းကိုမျှော်ကိုးသည့်အခါ မိမိ၌ရှိသောအခက်အခဲများကိုအရှိတရားအတိုင်းရှုမြင်တတ်ဖို့လိုသကဲ့သို့၊ ပေါင်းသင်းဆက်ဆံခြင်း၊ လုပ်ဆောင်ခြင်းများကိုလည်း အရှိတရားအတိုင်းကြည့်မြင်တတ်ရန်လိုသည်။ ဥပမာ- ကျွန်ုပ်အနေဖြင့် အရေးကြီးသည့်မေးခွန်းများကိုတွေးတောပြီး ဘုရားထံဆုတောင်းလျက်ရှိသည်။ တစ်နေ့ပြီးတစ်နေ့ ဘုရားကိုပိုသိ၊ပိုချစ်၊ပို၍အစေခံခြင်းငှါ ကျွန်ုပ်မည်သို့လုပ်ဆောင်

ရမည်နည်း။ ဒုက္ခကြုံတွေ့နေရသော ခရစ်တော်၌ညီအစ်ကိုမောင်နှစ်မများကို ကျွန်ုပ်မည်သို့ကူညီ
အားပေးထောက်ပံ့နိုင်မည်နည်း။ "အဆိုးအားဖြင့်စိတ်မပျက်သွားဘဲ.. အကောင်းအားဖြင့်အဆိုးကို မည်သို့
အနိုင်ယူရမည်"(ရောမသြဝါဒစာ ၁၂း၂၁) ကိုကျွန်ုပ်တွေးတောဆင်ခြင်လျက်ရှိသည်။ ခင်ပွန်းတစ် ယောက်၊
ဖခင်တစ်ယောက်၊ အဖိုးတစ်ယောက်၊ ဦးဆောင်သူတစ်ယောက်၊ လမ်းပြသွန်သင်သူ တစ်ယောက်အဖြစ်
ကျွန်ုပ်မည်သို့ ကောင်းစွာအသက်ရှင်နိုင်မည်ကိုလည်း နေ့စဉ်တွေးတောဆင်ခြင်မိ သည်။
ထိုထက်အရေးကြီးသည်မှာ ဝိညာဉ်တော်၏ "ငြိမ်သက်ဖြည်းညှင်းသောစကားသံ" ကို နေ့စဉ်
အသက်တာ၌ကြား၍ သခင်ယေရှုထံသို့ရှေ့ရှုလျက်အသက်ရှင်ခြင်းမျိုးကို ကျွန်ုပ်ရှာဖွေလုပ်ဆောင်လျက်
ရှိသည်။

၂၀၂၄ တွင်သင်ဘာကို ရည်ရွယ်၊မျှော်လင့်၊ ဆုတောင်းနေပါသနည်း။ ဘဝ၏မေးခွန်းများကိုအရှိတရား
အတိုင်းသင်မည်သို့အဖြေထုတ်မည်နည်း။ ဘုရားပေးထားသောအလုပ်တာဝန်များကို သင်မည်ကဲ့သို့
ရိုးရှင်းစွာဖော်ဆောင်သွားမည်နည်း။

သင့်ဘဝ၌ရှိထားသောအရာများအပေါ် ကျေးဇူးတင်လျက်၊ သင့်ဘဝထဲ၌ဘုရားသခင်ဆက်လက်ပါဝင်
လမ်းပြရန် ကျွန်ုပ်ဆုတောင်းပေးနေပါသည်။ ဖြစ်ပျက်နေသည်များကို ကျွန်ုပ်တို့နားမလည်သော်လည်း
ဘုရားသခင်ကိုချစ်သောသူတို့အတွက် "ဘုရားပြင်ဆင်၍ အလိုတော်အတိုင်း အကောင်းဆုံးပြင်ဆင်
ပေးမည်"(ရောမသြဝါဒစာ ၈း၂၈)ဟူသောကျမ်းစကားအတိုင်းဖြစ်စေရန်ကျွန်ုပ်တို့မျှော်လင့်လျက်ရှိသည်။
ခက်ခဲခြင်းများထဲ၌ ကောင်းချီးမင်္ဂလာကို ကျွန်ုပ်တို့မမြင်ရသည့်တိုင် ဘုရား၏ဂတိတော်များက ကျွန်ုပ်တို့
ကိုသတိပေးလမ်းပြလျက်ရှိသည်။ ဘုရားရှိနေခြင်း၊ ကောင်းသည့်အရာများကိုဘုရားပြင်ဆင်ပေးထား
ခြင်းများကြောင့် ကျွန်ုပ်၏ဘဝ၊ ကျွန်ုပ်၏အတွေး၊ ကျွန်ုပ်တန်ဖိုးထားသည့်အရာများကို အကောင်းမြင် ဖက်
သို့ပြောင်းလဲကာ ကျွန်ုပ်အသက်ရှင်လျက်ရှိသည်။ ထို့အပြင် အကောင်းမြင်စိတ်ဖြင့်သာ ရှေ့သို့
တက်လှမ်းလျက်ရှိပါသည်။

ဘုရားသခင်ကိုချစ်၍၊ ဘုရား၏အလိုတော်ကိုဝန်ခံပြီး ကောင်းသည့်အလုပ်များကိုသာ ဤ၂၀၂၄ခုနှစ်
တွင်လုပ်ဆောင်ခြင်းအားဖြင့် ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဘဝ၏အဓိပ္ပာယ်ကိုရရှိပါစေကြောင်း
ကျွန်ုပ်ဆုတောင်းပေးနေပါသည်။ ဤသို့အသက်ရှင်မှသာ ပျော်ရွှင်ဖွယ်နှစ်သစ်ကိုရရှိနိုင်မည်။
ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေဟု နှုတ်ဆက်သည့်အခါတိုင်းလည်း ဤသို့အသက်ရှင်ခြင်းမျိုးကိုသာ ကျွန်ုပ်
ဆန္ဒပြုခြင်းဖြစ်ပါသည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍
ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား
ပေးနေသူဖြစ်သည်။